# တစ်ပိုင်တစ်နိုင်မွေးမြူဖို့ အကြံဉာဏ်ကောင်းပေးပါရစေ

## ခင်ကျေးလက်

ကျေးလက်ဒေသမှ မိဘပြည်သူများ တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်သော အိမ်တွင်း စီးပွားရေး လုပ်ငန်းတစ်ခု၊ ဝန်ထုတ်ဝန်ပိုး မဖြစ်စေဘဲ ရရှိနိုင်သောအပိုဝင်ငွေတစ်ခုကို မိမိသင်ယူခဲ့ရသည့် အခြေခံမွေးမြူရေးသင်တန်း၏ အသိပညာကိုမျှဝေပေးရင် အခြေခံ စီးပွားရေး အတွက်တစ်ပိုင်တစ်နိုင် မွေးမြူနိုင်သည့်ဆိတ်မွေးမြူခြင်းအကြောင်းကိုအရပ်သုံးစကားလေးနဲ့အကြံဉာဏ်ကောင်းပေးကြစို့။

**မွေးမြူရေးဆိုသည်မှာ**-လူတို့မစားသုံးဘဲ ပိုလျှံသော၊ ဈေးပေါသောပစ္စည်းများဖြစ်သည့် သီးနှံထွက်ကုန်နှင့်ဘေးထွက်ပစ္စည်းများ၊ တိရစ္ဆာန်ဘေးထွက်ပစ္စည်းများကို အိမ်မွေးတိရိစ္ဆာန်များအား ကျွေးမွေးခြင်းဖြင့် ၎င်းတို့မှ အသား၊ နို့၊ သားရေ၊ အမွေး၊ လုပ်အား စသည့် တိရစ္ဆာန် ထွက်ကုန် ပစ္စည်းများကို ထုတ်လုပ်ပေးသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။မွေးမြူသည့်ရည်ရွယ်ချက် အမျိုးမျိုးရှိသော်လည်း ကျေးလက်နေပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံရေးနှင့် မိသားစုဝင်ငွေ တိုးရေးအတွက် မွေးမြူရေးလုပ်ငန်းသည် အဓိကအခန်း ကဏ္ဍမှပါဝင်နေပါသည်။



**ဆိတ်မွေးမြူခြင်း-** ဆိတ်မွေးမြူခြင်းကို ရွေးချယ်တင်ပြရခြင်းမှာ အခြားတိရစ္ဆာန်ကြက်၊ ဝက်၊ ဘဲ စသည့် တိရစ္ဆာန်များမွေးမြူ ခြင်းထက် ငွေကုန်ခံ၍နေရာသီးသန့်မလိုအပ်ပေ ဆိတ်ကို ပူပြင်းခြောက်သွေ့သောနေရာနှင့် တောင်ကုန်းတောင်တန်းဒေသများတွင် မွေးမြူ နိုင်ပါသည်။ ကာကွယ်ဆေးအထူးထိုးရန်မလို၊ ဆေးအထူးကျွေးရန်မလို၊ အစာအထူးမလိုအပ်ပေ၊ အိမ်တွင် လေလွင့်သည့် အစာများ၊ အသီးအရွက်များနှင့် တစ်ပိုင်တစ်နိုင်မွေးမြူနိုင်ပါသည်။ အရင်းအနှီး အများကြီးရင်းနှီးစရာမလိုပဲ ထွက်ကုန်များမှာဈေးနှုန်းကောင်း ကောင်း ရရှိသောကြောင့်ဖြစ်ပါသည်။

**ဆိတ်မွေးမြူရခြင်းရည်ရွယ်ချက်-** ဆိတ်ကိုမွေးမြူရသည့် ရည်ရွယ်ချက်မှာ အသား၊ နို့၊ သားရေ ရရှိရန်အတွက်ဖြစ်ပါသည်။ အိမ်တွင်း စားသုံးမှုမှပိုလျှံသည်ကို အပိုဝင်ငွေရရှိစေရန် ဈေးကွက်တင်ပို့ ရောင်းချနိုင်ရန် ရည်ရွယ်ပါသည်။

**ဆိတ်မွေးမြူရေးအား ရွေးချယ်မွေးမြူရခြင်းကို သုံးသပ်ကြည့်မည်ဆိုလျှင်**

(က) နွားမွေးမြူရေးထက် အရင်းအနှီးနည်းခြင်း
(ခ) စားကျက်မကောင်းသော်လည်းကောင်းစွာရှင်သန်ကြီးထွားနိုင်ခြင်း
(ဂ) အချိန်ကာလအနည်းငယ်အတွင်း အကျိုးအမြတ်ရရှိခြင်း
(ဃ) နွားထက်အစာကြမ်းတမ်းမှုဒဏ်ခံနိုင်ခြင်း
(င) အစာကြမ်းများကိုနွားထက်ချေဖျက်နိုင်စွမ်းရှိခြင်း
(စ) ကွင်းပြင်ထက် ကုန်းမြင့်များကိုနှစ်သက်ခြင်း
(ဆ) အသားသည်နူးညံ့၍အရသာရှိခြင်း
(ဇ) နို့ညစ်ရလွယ်ကူခြင်း၊နို့ထွက်နှုန်းကောင်းခြင်း
(ဈ) မျိုးအောင်မြင်မှုကောင်းသဖြင့် ကောင်ရေတိုးပွားနှုန်းကောင်းခြင်း
(ည) ဆိတ်အဆီသည်လူတို့၏ကျန်းမာရေးအတွက် အန္တရာယ်မရှိခြင်း

စသည်တို့ကြောင့် ကျေးလက်နေထိုင်သူများအတွက် အရင်းအနှီးမများပဲ အရံစားနပ်ရိက္ခာနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်ရာတွင် အထောက်အကူပြုနိုင်ပါသည်။

**နွားမွေးမြူရေးနှင့်နှိုင်းယှဉ်ခြင်း**

ဆိတ်မွေးမြူခြင်းသည် နွားမွေးမြူခြင်းထက် အရင်းအနှီးနည်းသည့်အပြင် သဘာဝအရ အကြမ်း ခံနိုင် သည်။ အစာမရွေးစားသုံးနိုင်သည်။ ကွင်းပြင်ထက် ကုန်းမြင့်ဒေသများကို နှစ်သက်သည်။ တောင်ကုန်းနှင့် ကျောက်တောင်များပေါ်တွင် သွားလာကျက်စားနိုင်သည်။ မြက်၊ သစ်ရွက်အမျိုးမျိုးနှင့် သစ်ပင်များ၏ အခေါက် များကို ခွာ၍စားတတ်သည်။ ဇီးပင်အပါအဝင် ဆူးပင်များကို ကြိုက်နှစ်သက်သည်။ အစာကြမ်းများကို နွားထက် ချေဖျက်နိုင်စွမ်းရှိသည်။ သို့ဖြစ်၍ ဆိတ်များသည် စားကျက်မကောင်းသော်လည်း ကောင်းစွာ မွေးမြူနိုင်သည့် တိရစ္ဆာန်ဖြစ်သည်။ ထို့အပြင် ဆိတ်သည်မျိုးအောင်မြင်မှုနှုန်းကောင်းသဖြင့် ကောင်ရေ ပွားများနှုန်း များပါသည်။

**ထုတ်လုပ်မှုကိုနှိုင်းယှဉ်ခြင်း(နို့၊ အသား၊ သားရေ)**

ဆိတ်နို့သည် နွားနို့ထက်ပရိုတိန်းနှင့် အဆီဓါတ်ပါဝင်မှု ပိုမိုများသော်လည်း ဆိတ်နို့အဆီရှိ အဆီခဲ ကလေး များသည် ပိုမိုသေးငယ်သဖြင့် အစာကျေလွယ်သည်။ ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများ၊ လူနာများ အတွက် ပိုမိုသင့်လျော်သည်။ ဆိတ်နို့တွင် ဘက်တီးရီးယားပါဝင်မှုနှုန်းသည် နွားနို့ထက် နည်းသည်။ နို့ညှစ်ရ လွယ်ကူသည်။ နို့ထွက်နှုန်းကောင်းသည်။ ဆိတ်နို့သည်သာ အာဟာရဓါတ်များပြည့်ဝသည်မဟုတ် ဆိတ်သားသည် လည်း အရသာရှိ၍ နူးညံ့သည့် အတွက် လူတို့ကြိုက်နှစ်သက်ကြသည်။

ထို့အပြင် ဆိတ်သားရေမှာလည်း ဘိနပ်၊ လက်အိတ်၊ လက်ဆွဲအိတ်၊ ဂျာကင်အင်ကျီ စသည်ဖြင့် အသုံးပြုနိုင်ခြင်းကြောင့် ဆိတ်မွေးမြူရေးသည် ကုန်ကျစရိတ်နည်းနည်းဖြင့် အကျိုးအမြတ် များများရရှိနိုင်သည့် တစ်ပိုင် တစ်နိုင်မှ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းအဖြစ် မွေးမြူရန်ကောင်းသည်။

**တစ်ပိုင်တစ်နိုင်မွေးမြူသင့်သောအချက်**

(က) နေရာအတွက်သီးသန့်ငွေကုန်ခံစရာမလို၊
(ခ) မိမိဘာသာဝလင်အောင်ရှာဖွေစားသောက်နိုင်၍

(ဂ) အစာအထူးကျွေးရန်မလို၊အိမ်မှလေလွင့်သည့်အရာများဖြင့် ကျွေးမွေးနိုင်သည်၊

(ဃ) ကာကွယ်ဆေးကိုအထူးသုံးစွဲရန်မလို၊
(ကာကွယ်ခြင်းသည်ကုသခြင်းထက်ထိရောက်ပါသည်)၊

(င) အခြားတိရစ္ဆာန်များထက်ရာသီဥတုဒဏ်ခံနိုင်သည်၊

(စ) မြေဆီလွှာအလွန်ညံ့သောဒေသတွင်ပင်မွေးမြူနိုင်သည်၊

(ဆ) မြက်ရင့်၊ သစ်ရွက်မျိုးစုံ၊ သစ်ခေါက်များကိုစားသောက်နိုင်သည်၊

(ဇ) အရင်းအနှီးအများကြီးသုံးရန်မလို၊

(ဈ) အချိန်ကာလအနည်းငယ်အတွင်း အကျိုးအမြတ်ရရှိခြင်း၊

(ည) ဈေးနှုန်းကောင်းခြင်း၊

စသည်တို့ကြောင့် တစ်ပိုင်တစ်နိုင်မှသည်စီးပွားဖြစ်မွေးမြူခြင်း၊ ပြည်တွင်းစားသုံးမှုမှသည် ပိုလျှံသည်ကို ပြည်ပသို့ တင်ပို့၍ နိုင်ငံခြားငွေရှာဖွေနိုင်သည်အထိ အမြတ်ရရှိအောင် ဆောင်ရွက်နိုင်ပါ ကြောင်း သတင်းကောင်းပေးပါရစေ။

ကျေးလက်ဒေသမှ မိဘပြည်သူများ တစ်ပိုင်တစ်နိုင်မွေးမြူရေးအတွက် လုပ်ကိုင်နိုင်သောအိမ်တွင်း စီးပွားရေးလုပ်ငန်းတစ်ခု၊ ဝန်ထုတ်ဝန်ပိုးမဖြစ်စေဘဲ ရရှိနိုင်သောအပိုဝင်ငွေဖြစ်ပါကြောင်း မိမိသင်ယူခဲ့ရသည့် အခြေခံမွေးမြူရေး သင်တန်း၏ အသိပညာကိုမျှဝေပေးရင် အခြေခံမွေးမြူရေး သင်တန်းမှ ဆရာ/ဆရာမများကို ဂါရဝပြု ကျေးဇူးတင်ရင်း ဤစာဖြင့် ကျေးဇူးဆပ်ပါသည်။